ကုမ္ပဏီအမည် - Aqua Pura Company Limited

လုပ်ငန်း - မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ နှင့် Aqua Pura Company Limited တို့မှ B.O.T စနစ်ဖြင့် ချင်းတွင်းမြစ်ရေတင် ရေသန့်စက်ရုံတည်ဆောက်၍ မုံရွာမြို့သုံးရေဖြန့်ဖြူးခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့်နေ့စွဲ	ပြန်ကြားချက်ရရှိသည့်နေ့စွဲ	မှတ်ချက်
၁	အဆိုပြုလွှာလက်ခံရရှိခြင်း	၈-၆-၂၀၁၆		
၂	အဆိုပြုချက်စိစစ်ရေးအဖွဲ့ အစည်းအဝေး ၂၂/၂၀၁၆ သို့တင်ပြခြင်း	၁၃-၆-၂၀၁၆		
၃	PAT အစည်းအဝေးဆုံးဖြတ်ချက်ပေးပို့ခြင်း	၂၀-၆-၂၀၁၆		
၄	**သဘောထားမှတ်ချက်တောင်းခံခြင်း** (က စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး (ပကြိမ်) (ဒုကြိမ်) (တကြိမ်) (ခ) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန (ဂ) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန	 ၆-၆-၂၀၁၆ ၂၀-၇-၂၀၁၆ ၂၅-၈-၂၀၁၆ ၆-၆-၂၀၁၆ ၆-၆-၂၀၁၆	 ၂၆-၁၀-၂၀၁၆ ၁၆-၆-၂၀၁၆ ၁၆-၆-၂၀၁၆	
၅	ကုမ္ပဏီသို့ဌာနဆိုင်ရာသဘောထားမှတ်ချက်များအရ ပြင်ဆင်တင်ပြရန်အကြောင်းကြားခြင်း	၁၇-၁၀-၂၀၁၆		
၆	ကုမ္ပဏီမှပြန်လည်ပြင်ဆင်တင်ပြလာခြင်း	၂-၁၂-၂၀၁၆		
၇	ကော်မရှင်အစည်းအဝေးသို့တင်ပြခြင်း (၂၃/၂၀၁၆)MIC	၁၇-၁၂-၂၀၁၆		
	စုစုပေါင်းကြာမြင့်ရက် ၁၈၇ ရက်			

မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီ နှင့် Aqua Pura Co., Ltd. တို့မှ B.O.T စနစ်ဖြင့် ချင်းတွင်းမြစ်ရေတင် ရေသန့်စင်စက်ရုံတည်ထောင်၍ မုံရွာမြို့ သုံးရေဖြန့်ဖြူးခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုပါ ရန် အဆိုပြုတင်ပြလာခြင်းနှင့်စပ်လျဉ်း၍ PAT ၏ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်မှု

စဉ်	ကုမ္ပဏီအမည်	လုပ်ငန်း အမျိုးအစား	PAT အကြိမ် နေ့စွဲ	ဆွေးနွေးချက်မှ ပြင်ဆင်ရန်လိုအပ်ချက်	ဆောင်ရွက် ပြီးစီးမှု	မှတ် ချက်
၁	၂	၃	၄	၅	၆	၇
၁။	Aqua Pura Co., Ltd.	B.O.T စနစ်ဖြင့်ချင်းတွင်းမြစ်ရေတင် ရေသန့်စင်စက်ရုံတည်ထောင်၍ မုံရွာမြို့သုံးရေဖြန့်ဖြူးခြင်းလုပ်ငန်း	၂၂/၂၀၁၆ ၁၃-၆-၂၀၁၆	(က)ပြည်ထောင်စုရှေ့နေချုပ်ရုံး၏သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်ထားသော B.O.Tစာချုပ်နှင့် မြေငှားစာချုပ်(မူကြမ်း) တင်ပြရန်	စာချုပ်(မူကြမ်း) တင်ပြထားပါသည်။	
				(ခ) လုပ်ငန်းဆောင်ရွက်မည့် ရေပေးဝေရေးစနစ်ကို စနစ်တကျ (Layout Plan)ဖြင့် ဖော်ပြရန်နှင့် ကောက်ခံမည့်နှုန်းထားပြန်လည်စိစစ်တင်ပြရန်	ပြင်ဆင်ပြီး	
				(ဂ)စီးပွားရေးဆိုင်ရာတွက်ချက်မှုများပြင်ဆင်တင်ပြရန်။	ပြင်ဆင်ပြီး	

ကုမ္ပဏီအမည်	Aqua Pura Company Limited
အဖွဲ့အစည်းပုံသဏ္ဍာန်	မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု
လုပ်ငန်းအမျိုးအစား	B.O.Tစနစ်ဖြင့် ချင်းတွင်းမြစ်ရေတင် ရေသန့်စင်စက်ရုံ တည်ထောင်၍ မုံရွာမြို့သုံးရေဖြန့်ဖြူးခြင်းလုပ်ငန်း
တည်နေရာ	စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ရုံးကြီးရပ်ကွက်၊ ကွင်းအမှတ် (၆၇၉)၊ ဦးပိုင်အမှတ် (၆၅/၆၆/၇၄)၊ ကွင်းအမည် (လှေကူး-ကွေ့ကြီး)ရှိ မြေဧရိယာ ၁.၄၈ ဧက
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	၇၃၆၀.၀၀ ကျပ်သန်း
လုပ်ငန်းသက်တမ်း	၃၀ နှစ် (၁၀ နှစ် နှစ်ကြိမ် သက်တမ်းတိုး)
အရင်းကြေကာလ	၈ နှစ် ၁၁ လ
IRR	၁၀.၅၈ %

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ **Cost & Benefit** ကို အောက်ပါဇယားဖြင့်ပြုစုတင်ပြအပ်ပါသည်-

စဉ်	အကြောင်းအရာ	Cost	Benefit
၁	နိုင်ငံ့ဝန်ထမ်း၏လစာ	ကျပ် ၃.၀၀သန်း(တစ်နှစ်)	-
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး	-	ကျပ် ၁.၂၀သန်း
၃	သွင်းကုန်အခွန်ကင်းလွတ်ခွင့်	ကျပ် ၃၀၁.၆၅ သန်း	-
၄	ဝင်ငွေခွန်	ကျပ် ၆၆၄.၉၅သန်း	ကျပ် ၄၂၃.၉.၃၈ သန်း
၅	ကုန်သွယ်လုပ်ငန်းခွန်	-	ကျပ် ၆၆၇.၄၉ သန်း
၆	လုပ်ခလစာအပေါ်ဝင်ငွေခွန်	-	တစ်နှစ်ဝင်ငွေကျပ် (၄၈) သိန်းကျော်ပါက အခွန်ပေးရမည့် ဝန်ထမ်း (၁) ဦး
၇	CSR (၂%)	-	ကျပ် ၉၃.၃၈ သန်း
၈	အလုပ်အကိုင်အခွင့်အလမ်း	-	ပြည်တွင်းလုပ်သား (၂၈)ဦး အလုပ်အကိုင်ရရှိမည်ဖြစ်၍ဒေသ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေပါသည်။
		ကျပ် ၉၆၉.၆၀ သန်း	**ကျပ် ၅,၀၀၁.၄၅ သန်း**
		၁ း ၅	

မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် Aqua Pura Co., Ltd. (အကွာပူရကုမ္ပဏီလီမိတက်) တို့မှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့်ရေသန့်စင်စက်ရုံတည်ဆောက်ပြီးမုံရွာမြို့သုံးရေဖြန့်ဖြူးခြင်း လုပ်ငန်းကို B.O.T စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ

<table>
<tr><td>၁။</td><td>ကုမ္ပဏီအမည်</td><td>- Aqua Pura Co., Ltd. (အကွာပူရကုမ္ပဏီလီမိတက်)</td></tr>
<tr><td>၂။</td><td>လုပ်ငန်းအဆိုပြုသူအမည်</td><td>- ဦးအေးထွန်းအောင်
- မန်နေဂျင်းဒါရိုက်တာ</td></tr>
<tr><td>၃။</td><td>ရင်းနှီးမြှုပ်နှံမှုပုံစံ</td><td>- မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု</td></tr>
<tr><td>၄။</td><td>အဆိုပြုလုပ်ငန်းအမျိုးအစား</td><td>- B.O.Tစနစ်ဖြင့် ချင်းတွင်းမြစ်ရေတင် ရေသန့်စက်ရုံ တည်ဆောက်ပြီး မုံရွာမြို့သုံးရေဖြန့်ဖြူးခြင်းလုပ်ငန်း</td></tr>
<tr><td>၅။</td><td>လုပ်ငန်းနေရာ</td><td>- စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ရုံးကြီးရပ်ကွက်၊ကွင်းအမှတ် (၆၇၉)၊ ဦးပိုင်အမှတ် (၆၅/၆၆/၇၄)၊ ကွင်းအမည် (လှေကူး-ကွေ့ကြီး)၊ မုံရွာမြို့ချင်းတွင်းမြစ်ရေတင်စက်ရုံမြေနေရာ၏ ဧရိယာ (၁.၄၈)ဧက</td></tr>
<tr><td>၆။</td><td>စုစုပေါင်းမတည်ငွေရင်း
ငွေသား
စက်ပစ္စည်းတန်ဖိုးပမာဏ
အဆောက်အအုံ
ရုံးသုံးပစ္စည်း
ပိုက်နှင့်ဆက်စပ်ပစ္စည်း
ယာဉ်ယန္တရား
စုစုပေါင်း</td><td><table>
<tr><th>ကျပ်(သန်း)</th><th>US$(သန်း)</th><th>စုစုပေါင်းကျပ်(သန်း)</th></tr>
<tr><td>၂၃၁.၈၇</td><td>-</td><td>၂၃၁.၈၇</td></tr>
<tr><td>၂၄.၄၀</td><td>၂.၃၅</td><td>၂,၈၄၈.၀၀</td></tr>
<tr><td>၁,၀၀၀.၀၀</td><td>-</td><td>၁,၀၀၀.၀၀</td></tr>
<tr><td>၁၀.၈၀</td><td>-</td><td>၁၀.၈၀</td></tr>
<tr><td>-</td><td>၂.၅၂</td><td>၃,၀၂၂.၁၃</td></tr>
<tr><td>-</td><td>၀.၂၁</td><td>၂၄၇.၂၀</td></tr>
<tr><td>**၁,၂၆၇.၀၇**</td><td>**၅.၀၈**</td><td>**၇,၃၆၀.၀၀**</td></tr>
</table></td></tr>
<tr><td>၇။</td><td>တည်ဆောက်ရေးကာလ</td><td>- ၁ နှစ် ၆လ</td></tr>
<tr><td>၈။</td><td>ပဏာမစူးစမ်းလေ့လာမှုကာလ</td><td>- ၃လ</td></tr>
<tr><td>၉။</td><td>ရင်းနှီးမြှုပ်နှံမှုသက်တမ်း</td><td>- ကနဦး၃၀ နှစ်(သက်တမ်းတိုး ၁၀ နှစ် နှစ်ကြိမ်)</td></tr>
<tr><td>၁၀။</td><td>B.O.T စာချုပ်သက်တမ်း</td><td>- ၃၀နှစ်</td></tr>
<tr><td>၁၁။</td><td>ဝန်ဆောင်မှု(ဆဋ္ဌမမြောက်နှစ်)</td><td><table>
<tr><th>ရေအသုံးပြုမည့် ခန့်မှန်းအိမ်ထောင်စု/ တစ်ရက်</th><th>အသုံးပြုသည့် ယူနစ်/တစ်ရက်</th><th>တစ်ယူနစ် ဈေးနှုန်း (ကျပ်)</th><th>ဝင်ငွေ(ဆဋ္ဌမ မြောက်နှစ်) ကျပ်(သန်း)</th></tr>
<tr><td>၁၀,၀၀၀</td><td>၅,၀၀၀</td><td>၇၃၅</td><td>၁,၃၄၁.၃၈</td></tr>
</table>ပထမနှစ်တွင် ရေ ၁ ကုဗမီတာ (၅ ပေပါ)လျှင် (၇၀၀/-) ကျပ်ဖြင့် ကောက်ခံသွားမည်ဖြစ်၍ ဒုတိယနှစ်မှ B.O.T သက်တမ်းကာလကုန်ဆုံး</td></tr>
</table>

		သည့်အထိ မူလနှုန်းထား (၇၀ဝိ/-)ကျပ် ပေါ်တွင် တစ်နှစ်လျှင် ၅% စီ ထပ်မံတိုးမြှင့်ရောင်းချ ကောက်ခံသွားမည်ဖြစ်သည်။
၁၂။	ကုမ္ပဏီ၏(ဆဋ္ဌမမြောက်နှစ်) ဝင်ငွေ အသုံးစရိတ် အသားတင်အမြတ်	 - ကျပ် ၁,၃၄၁.၃၈ သန်း - ကျပ် ၉၃၉.၅၈ သန်း - ကျပ် ၄၀၁.၈၀ သန်း
၁၃။	နိုင်ငံတော်မှရရှိမည့် အကျိုးအမြတ်(၆)နှစ်မြောက် ဝင်ငွေခွန် ကုန်သွယ်လုပ်ငန်းခွန်	 - ကျပ် ၁၃၃.၉၃ သန်း - ကျပ် ၆၇.၀၇ သန်း
၁၄။	ဝန်ထမ်းအင်အား	- ပြည်တွင်း ၂၈ ဦး (တစ်လလျှင် ပြည်တွင်းလုပ်သားတစ်ဦး၏ အနိမ့်ဆုံးလစာမှာ ၁၁၀,၀၀၀ ကျပ်၊ အမြင့်ဆုံးလစာမှာ ကျပ် ၅၀၀,၀၀၀ဖြစ်ပါသည်။) - ပြည်ပ တင်ပြထားခြင်းမရှိပါ။
၁၅။	အရင်းကြေကာလ	- ၈ နှစ် ၁၁ လ
၁၆။	အရင်းအနှီးပေါ်အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR)	- ၁၀.၅၈ %
၁၇။	ငွေကြေးအထောက်အထား	- ငွေကြေးအထောက်အထားအဖြစ် Asia Green Development Bank(SULE) ၌ Aqua Pura Co., Ltd. အမည်ဖြင့် (၂၅-၁၁-၂၀၁၆) ရက်စွဲဖြင့် ကျပ်သန်း (၁၅၀)နှင့် ဒါရိုက်တာ ဦးရင်ထွေး အမည်ဖြင့် (၂၃-၁၁-၂၀၁၆) ရက်စွဲဖြင့် ကျပ် ၃၀၅,၁၄၅,၀၆၅.၁၃ ရှိကြောင်းတင်ပြထားပါသည်။
၁၈။	မြေငှားစာချုပ်ပါအဓိကအချက်များ	- ဦးထွန်းထွန်း(အမှုဆောင်အရာရှိ)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် Aqua Pura Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာဦးအေးထွန်းအောင်တို့ ချုပ်ဆိုထားသည့် မြေငှားစာချုပ်ပါ အဓိကအချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်- (က) စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ ကွင်းအမှတ် (၆၇၉)၊ ဦးပိုင်အမှတ် (၆၅/၆၆/၇၄)၊ ကွင်းအမည် လေ့ကူး-ကွေ့ကြီး ၊ဧရိယာ(၁.၄၈)ဧကအား ငှားရမ်းဆောင်

		ရွက်မည်ဖြစ်ပါသည်။ (ခ) မြေငှားရမ်းကာလမှာ လုပ်ငန်းစတင်သည့်နေ့မှစ၍ နှစ်ပေါင်း(၃၀)ဖြစ်၍ ဆက်လက်ငှားရမ်း လုပ်ကိုင်ဆောင်ရွက်လိုပါက နောက်ထပ်တစ်ကြိမ်လျှင် (၁၀)နှစ်စီဖြင့် (၂)ကြိမ် ဆက်လက်ငှားရမ်းဆောင်ရွက်ခွင့်ရှိသည်။ (ဂ) မြေဧရိယာ (၁.၄၈)ဧကမြေ အသုံးပြုခြင်းအတွက် နှစ်စဉ်မြေငှားရမ်းခမှာ ကျပ် ၃,၆၀၀,၀၀၀ (ကျပ်သုံးဆယ်ခြောက်သိန်းတိတိ)ဖြစ်သည်။ (ဃ) ရေသန့်စက်ရုံလုပ်ငန်း တည်ဆောက်သည့် ကာလအတွင်း မြေငှားရမ်းခ ကင်းလွတ်ခွင့်ပြုသည်။
၁၉။	B.O.T စာချုပ်ပါ အဓိက အချက်များ	- မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် Aqua Pura Co., Ltd. တို့အကြား ချုပ်ဆိုထားသည့် B.O.T စာချုပ် (မူကြမ်း)ပါ အဓိကအချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်- (က) မြစ်ရေတင်ရေသန့်စက်ရုံစီမံကိန်းကို B.O.T စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ခွင့်အတွက် မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီအား မြေငှားရမ်းခအနေဖြင့် တစ်နှစ်လျှင် ကျပ်သိန်း (၃,၆၀၀,၀၀၀)ကို ပေးသွင်းရမည်။ တည်ဆောက်ရေးကာလအတွင်းတွင် ကင်းလွတ်ခွင့် ရရှိမည်ဖြစ်သည်။ စီးပွားဖြစ်စတင်ဖြန့်ဖြူး ရောင်းချသည့်နေ့မှစ၍ B.O.Tစာချုပ် သက်တမ်းကုန်ဆုံးသည်အထိ နှစ်စဉ်မပျက်မကွက် ပေးသွင်းရမည်ဖြစ်သည်။ (ခ) လုပ်ငန်းလုပ်ကိုင်သူသည် မြစ်ရေတင် ရေသန့်စက်ရုံစီမံကိန်းမှ သန့်စင်၍ ထွက်ရှိလာသောရေအား စီးပွားဖြစ်ဖြန့်ဖြူးရောင်းချ၍ အခွန်ငွေအားလုံး ပေးဆောင်ပြီး ရရှိလာသော အသားတင်အကျိုးအမြတ် (Net Profit)၏ (၂၀%) အား လုပ်ငန်းခွင့်ပြုသူကို ခွဲဝေပေးရမည်။ (ဂ) စက်ရုံမှသန့်စင်၍ ထွက်ရှိလာသောရေအား လုပ်ငန်းလုပ်ကိုင်သူမှ အောက်ပါနှုန်းထားအတိုင်း ကောက်ခံသွားမည်- (၁) ရေသန့်စက်ရုံဖြန့်ဖြူးခြင်းပိုက်လိုင်းမှတဆင့် အိမ်ရှေ့ရေတိုင်အထိ ရေ ၁ ကုဗမီတာ (၅ ပေပါ)လျှင် (၇၀၀/-) ကျပ်ဖြင့် လည်းကောင်း ပထမနှစ်တွင် ကောက်ခံသွားမည်ဖြစ်သည်။

		(၂) ဒုတိယနှစ်မှ B.O.T သက်တမ်းကာလကုန်ဆုံးသည် အထိမူလနှုန်းထား (၇၀၀ိ/-)ကျပ်ပေါ်တွင် တစ်နှစ်လျှင် ၅% စီ ထပ်မံတိုးမြှင့်ရောင်းချ ကောက်ခံသွားမည်ဖြစ်သည်။ (၃) အထက်ပါ နှုန်းထားများအတိုင်း ဖြန့်ဖြူးရန် အခက်အခဲရှိပါက လိုအပ်သလို ညှိနှိုင်းဆောင်ရွက်သွားမည်။ (ဃ) ဤသဘောတူစာချုပ်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ရရှိပြီး စာချုပ်ဝင်ပုဂ္ဂိုလ်များ နှစ်ဦးနှစ်ဖက် တရားဝင်အတည်ပြု လက်မှတ်ရေးထိုးသည့်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိစေရမည်။ (င) သဘောတူစာချုပ် သက်တမ်းကာလမှာ ဤသဘောတူစာချုပ်အား နှစ်ဖက်လက်မှတ် ရေးထိုးသည့်နေ့မှစပြီး မြစ်ရေတင်ရေသန့်စက်ရုံစီမံကိန်းမှ သန့်စင်ပြီးရေအား စီးပွားဖြစ်စတင်ထုတ်လုပ် ဖြန့်ဖြူးနိုင်သည့်နေ့ရက်မှ စတင်၍ နောက်ထပ် နှစ်ပေါင်း (၃၀) အထိဖြစ် သည်။ (စ) သဘောတူစာချုပ်ကာလဆက်လက်တိုးမြှင့်လိုပါက သဘောတူစာချုပ် သက်တမ်းမကုန်ဆုံးမီ ၆ လ ကြိုတင်၍ စာချုပ်ဝင်နှစ်ဖက်ညှိနှိုင်းကာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ဖြင့် သက်တမ်းတိုးမြှင့်ပေးရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ (၁၀) နှစ် တစ်ကြိမ်စီဖြင့် (၂)ကြိမ် သဘောတူစာချုပ်သက်တမ်းတိုးမြှင့်နိုင်သည်။
၂၀။	ကုမ္ပဏီမှ ဆောင်ရွက်မည့် CSR	- CSR လုပ်ငန်းများအတွက် အသားတင်အမြတ်ငွေ၏ ၂ %၊ အသုံးပြုသွားမည်ဖြစ်ကြောင်းတင်ပြထားပါသည်။
၂၁။	မီးဘေးကာကွယ်ထားရှိမှု အစီအစဉ်	- မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအစဉ်ရေးဆွဲတင်ပြထားပါသည်။
၂၂။	လျှပ်စစ်ဓါတ်အားသုံးစွဲမှု	- လျှပ်စစ်ဓါတ်အားကိုမဟာဓာတ်အားလိုင်းမှ သွယ်တန်းအသုံးပြုမည်ဖြစ်၍ မီးမရသည့်အချိန်တွင် ကိုယ်ပိုင် Generator ၅၀၀ KVA) တပ်ဆင် အသုံးပြုမည်ဖြစ်ပါသည်။
၂၃	သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်	- သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာမည်ဖြစ်ကြောင်းနှင့် ပတ်ဝန်းကျင်

		ထိန်းသိမ်းရေးစီမံ ချက်ရေးဆွဲတင်ပြသွားမည် ဖြစ်ကြောင်းတင်ပြထားပါသည်။
၂၄။	အခြားတင်ပြချက်များ	- Aqua PuraCo., Ltd.နှင့် Chin Crop (Myanmar) Co., Ltd. တို့၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ MOA ၊ AOA(မိတ္တူ) နှင့် ဒါရိုက်တာစာရင်း၊ စီမံကိန်းဆောင်ရွက်မည့်မြေနေရာ တို့ကို တင်ပြထားပါသည်။ - မုံရွာမြို့ရေသန့်စင်စက်ရုံနှင့် ရေပေးဝေရေးဆိုင်ရာ ဖြစ်နိုင်ခြေဆန်းစစ်လေ့လာမှုအစီရင်ခံစာကိုတင်ပြထားပါသည်။
၂၅။	စိစစ်တင်ပြချက်	(က)B.O.Tစနစ်ဖြင့် ချင်းတွင်းမြစ်ရေတင် ရေသန့်စက်ရုံတည်ဆောက်ပြီး မုံရွာမြို့သုံးရေ ဖြန့်ဖြူးခြင်းလုပ်ငန်း ဆောင်ရွက်ရန် Aqua Pura Co., Ltd. နှင့် မုံရွာမြို့နယ် စည်ပင်သာယာရေး ကော်မတီတို့ သဘောတူစာချုပ် (မူကြမ်း)အား ပြည်ထောင်စုရှေ့နေချုပ်ရုံးသဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်တင်ပြထားပါသည်။ (ခ)အဆိုပြုလုပ်ငန်းဆောင်ရွက်မည့် မြေနေရာသည် မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီမှ အသုံးပြုလျက်ရှိသော မြေဖြစ်ကြောင်း စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ခွင့်ပြုထားခဲ့ပြီး လယ်ယာမြေအသုံးပြုခွင့် (လယ-၃၀) လျှောက်ထားဆဲဖြစ်ကြောင်း မြေရာဇဝင်ကို စိစစ်တွေ့ရှိရပါသည်။ (ဂ) ကုမ္ပဏီအနေဖြင့် အောက်ဖော်ပြပါရပ်ကွက်(၁၂)ခုသို့ ရေပေးဝေခြင်းဆောင်ရွက်မည်ဖြစ်ပါသည်- (၁) အိုးဘိုတောင်ရပ်ကွက် (၂) မြို့သစ်ရပ်ကွက် (၃) အောင်ချမ်းသာရပ်ကွက် (၄) ဘုရားကြီးရပ်ကွက် (၅) ကျေ့ကြီးရပ်ကွက် (၆) ဒေါနခြံရပ်ကွက် (၇) ရုံးကြီးရပ်ကွက် (၈) ဆူးလေကုန်းရပ်ကွက် (၉) အလယ်ရပ် (၁၀)အောင်မင်္ဂလာရပ်ကွက်

		(၁၁)အေးသာယာရပ်ကွက် (၁၂)မုံရွာတောင်ရပ်ကွက် (ဃ)ကုမ္ပဏီအနေဖြင့် မုံရွာစည်ပင်သာယာရေးကော်မတီသို့ နှစ်စဉ်မြေငှားရမ်းခ ၃၆ သိန်းနှင့် နှစ်စဉ်အကျိုးအမြတ်၏ ၂၀% ကို ပေးသွင်း၍ အဆိုပြုလုပ်ငန်းအား ဆောင်ရွက်မည်ဖြစ်ကြောင်း စိစစ်ရပါသည်။ (င)ကုမ္ပဏီအနေဖြင့် အဆိုပြုလုပ်ငန်းဆောင်ရွက်ရန် ပြည်ပမှ အမေရိကန်ဒေါ်လာ ၅.၀၈ သန်း တန်ဖိုးရှိ လုပ်ငန်းသုံးပစ္စည်းများ တင်သွင်းဆောင်ရွက်မည်ဖြစ်ပြီး လူစီးမော်တော်ယာဉ်များအား အခွန်ပေးဆောင် တင်သွင်းရမည်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ မရက-၅(အ) /မ-၀၂၀/၂၀၁၆ (၅၆၀)
ရက်စွဲ၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ [illegible] ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့
တင်ပြသည့်အမှာစာ

အကြောင်းအရာ။ **မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီ နှင့် Aqua Pura Co., Ltd. တို့မှ B.O.T စနစ်ဖြင့် ချင်းတွင်းမြစ်ရေတင် ရေသန့်စက်ရုံတည်ထောင်၍ မုံရွာမြို့သုံးရေဖြန့်ဖြူးခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ**

၁။ မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် Aqua Pura Co., Ltd. တို့သည် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ရုံးကြီးရပ်ကွက်၊ ကွင်းအမှတ် (၆၇၉)၊ ဦးပိုင်အမှတ် (၆၅/၆၆/၇၄)၊ ကွင်းအမည် (လှေကူး-ကွေ့ကြီး)ရှိ မြေဧရိယာ ၁.၄၈ ဧကအား ချင်းတွင်းမြစ်ရေတင် ရေသန့်စက်ရုံတည်ဆောက်၍ B.O.T စနစ်ဖြင့် မုံရွာမြို့သုံးရေ ဖြန့်ဖြူးခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြုတင်ပြလာပါသည်။

၂။ အဆိုပြုချက်နှင့်အတူ ပြည်ထောင်စုရှေ့နေချုပ်ရုံး သဘောထားမှတ်ချက်နှင့်အညီ မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် Aqua Pura Co., Ltd. တို့ ချုပ်ဆိုထားသည့်မြေငှားစာချုပ် (မူကြမ်း)၊ B.O.T စာချုပ် (မူကြမ်း)၊ Layout plan၊ Flow diagram၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း(မိတ္တူ)တို့ကို ပူးတွဲတင်ပြထားပါသည်။

၃။ အဆိုပြုလုပ်ငန်း၏ လုပ်ငန်းသက်တမ်းကာလမှာ ကနဦး ၃၀နှစ် ဖြစ်၍ ၁၀နှစ် နှစ်ကြိမ်သက်တမ်းတိုးမည်ဖြစ်ပါသည်။ နှစ်စဉ်မြေငှားရမ်းခအနေဖြင့် မြေဧရိယာ ၁.၄၈ ဧကအား တစ်နှစ်လျှင် ကျပ် ၃၆ သိန်း (တစ်နှစ် တစ်စတုရန်းမီတာလျှင် ၆၀၁.၁၀ကျပ်) နှုန်းဖြင့် ငှားရမ်းဆောင်ရွက်မည်ဖြစ်ပြီး နှစ် ၃၀ သက်တမ်းရှိ ပြည်ထောင်စုရှေ့နေချုပ်ရုံး သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်ထားသော မြေငှားစာချုပ် (မူကြမ်း)အား တင်ပြထားပါသည်။

၄။ အဆိုပြုလုပ်ငန်း၏ မတည်ငွေရင်းပမာဏမှာ ကျပ် ၇,၃၆၀.၀၀ သန်း ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၅.၀၈ သန်း တန်ဖိုးရှိ လုပ်ငန်းသုံးစက်ပစ္စည်းများ၊ ယာဉ်ယန္တရားများ၊ ပိုက်နှင့် Accessories အား ပြည်ပမှတင်သွင်းမည်ဖြစ်ပြီး မတည်ငွေရင်းထည့်ဝင်မှု အမျိုးအစားများမှာ တစ်ဖက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	အကြောင်းအရာ	ကျပ်(သန်း)	US$(သန်း)	ကျပ်(သန်း)
(က)	ငွေသား	၂၃၁.၈၇	-	၂၃၁.၈၇
(ခ)	စက်ပစ္စည်း	၂၄.၄၀	၂.၃၅	၂,၈၄၈.၀၀
(ဂ)	အဆောက်အအုံ	၁,၀၀၀.၀၀	-	၁,၀၀၀.၀၀
(ဃ)	ရုံးသုံးပစ္စည်း	၁၀.၈၀	-	၁၀.၈၀
(စ)	ပိုက်နှင့်ဆက်စပ်ပစ္စည်း	-	၂.၅၂	၃,၀၂၂.၁၃
(ဆ)	ယာဉ်ယန္တရား	-	၀.၂၁	၂၄၇.၂၀
	စုစုပေါင်းမတည်ငွေရင်း	၁,၂၆၇.၀၇	၅.၀၈	၇,၃၆၀.၀၀

အမေရိကန် ၁ ဒေါ်လာလျှင် ၁,၂၀၀ နှုန်းဖြင့် တွက်ချက်ထားပါသည်။

၅။ လုပ်ငန်းဆောင်ရွက်ရန် ပြည်တွင်းဝန်ထမ်း (၂၈) ဦး ခန့်ထားမည် ဖြစ်ပါသည်။ ပြည်တွင်းဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာမှာ ကျပ် ၁၁၀,၀၀၀ နှင့် အမြင့်ဆုံးလစာမှာ ကျပ် ၅၀၀,၀၀၀ ဖြစ်ပါသည်။ ပြည်ပဝန်ထမ်း ခန့်ထားခြင်းမရှိပါ။

၆။ အဆိုပြုလုပ်ငန်းမှ တစ်နေ့လျှင် ရေကုဗမီတာ ၅,၀၀၀ ဖြန့်ဖြူးပေးမည်ဖြစ်၍ ပုံမှန်နှစ် (ဆဋ္ဌမမြောက်နှစ်)တွင် ခန့်မှန်းရေဝယ်ယူမည့် အိမ်ထောင်စုဦးရေ၊ တစ်ရက်အသုံးပြုမည့်ယူနစ်နှင့် ဝန်ဆောင်ခနှုန်း(ကျပ်) တို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ရေအသုံးပြုမည့်ခန့်မှန်း အိမ်ထောင်စု/တစ်ရက်	**အသုံးပြုသည့် ကုဗမီတာ(ယူနစ်)/ တစ်ရက်**	**တစ်ကုဗမီတာ ဈေးနှုန်း(ကျပ်)**	**ဝင်ငွေ (ဆဋ္ဌမမြောက်နှစ်) ကျပ်(သန်း)**
၁၀,၀၀၀	၅,၀၀၀	၇၃၅	၁,၃၄၁.၃၈

၇။ အဆိုပြုလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ် (ဆဋ္ဌမနှစ်မြောက်)တွင် ကုမ္ပဏီမှရရှိမည့် ဝင်ငွေနှင့် အသုံးစားရိတ်ခန့်မှန်းခြေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

		ကျပ်(သန်း)
(က)	ဝင်ငွေ	၁,၃၄၁.၃၈
(ခ)	အသုံးစရိတ်	၉၃၉.၅၈
(ဂ)	အသားတင်အမြတ်	၄၀၁.၈၀

၈။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ် (ဆဋ္ဌမမြောက်နှစ်)တွင် ရရှိမည့် အကျိုးအမြတ်ခန့်မှန်းခြေမှာ ဝင်ငွေခွန် ကျပ် ၁၃၃.၉၃ သန်း နှင့် ကုန်သွယ်လုပ်ငန်းခွန်ကျပ် ၆၇.၀၇ သန်းဖြစ်ပါသည်။ လုပ်ငန်း၏အရင်းကြေကာလမှာ ၈ နှစ် နှင့် ၁၁ လ ဖြစ်၍ အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR) မှာ ၁၀.၅၈ ရာခိုင်နှုန်း ဖြစ်ပါသည်။

၉။ အဆိုပြုလုပ်ငန်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများသို့ သဘောထားတောင်းခံခဲ့ရာ အောက်ပါအတိုင်း သဘောထားမှတ်ချက်များ ပြန်ကြားလာပါသည်-

(က) **စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး** **(နောက်ဆက်တွဲ-က)**

မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် Aqua Pura Co., Ltd. တို့ B.O.T စနစ်ဖြင့် ဆောင်ရွက်ခြင်းကြောင့် မုံရွာမြို့တွင်းရှိရပ်ကွက်များတွင် သန့်ရှင်းသော

သောက်သုံးရေရရှိစေခြင်း၊ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေခြင်း၊ မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီအနေဖြင့် ယင်းလုပ်ငန်းအား ဆောင်ရွက်ရန်အတွက် ရန်ပုံငွေလုံလောက်မှုမရှိဘဲ ကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှသာအောင်မြင်နိုင်မည် ဖြစ်သောကြောင့် မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် Aqua Pura Co., Ltd. တို့ B.O.T စနစ်ဖြင့် စာချုပ်ချုပ်ဆိုသင့်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၉-၉-၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော Cabinet အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၆) ဆုံးဖြတ်ချက် (၃၅) အရ ကန့်ကွက်ရန်မရှိကြောင်း သဘောထားမှတ်ချက်ပြန်ကြားထားပါသည်။

(ခ) **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန** **(နောက်ဆက်တွဲ-ခ)**

မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် Aqua Pura Co., Ltd. မှ B.O.T စနစ်ဖြင့် ဆောင်ရွက်မည့် မုံရွာမြို့တွင်း ရေပေးဝေဖြန့်ဖြူးခြင်းလုပ်ငန်းမှ ထုတ်ယူသုံးစွဲမည့်ရေပမာဏသည် စီးဆင်းနေသောရေထုထည်ထက် များစွာလျော့နည်းသည့်အတွက် နေ့စဉ်ထုတ်ယူသုံးစွဲခြင်းဖြင့် ချင်းတွင်းမြစ်ရေစီးရေလာနှင့် မြစ်ကြောင်းစီးဆင်းမှုအနေအထားတို့အား ထိခိုက်နိုင်ဖွယ် မရှိပါကြောင်းနှင့် ရေအသုံးပြုသူက ပေးဆောင်ရမည့် ရေအသုံးပြုခနှင့် ပတ်သက်၍ နောင်ဖြစ်ပေါ်လာမည့် ရေဥပဒေအား လိုက်နာဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း သဘောထားမှတ်ချက် ပြန်ကြားထားပါသည်။

(ဂ) **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန** **(နောက်ဆက်တွဲ-ဂ)**

အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့်ကျန်းမာရေးထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် နည်းစနစ်များအား အသုံးပြုရန်နှင့် အဆိုပြုလွှာတွင် ဖော်ပြထားသည့် လူမှုရေးဆိုင်ရာအကျိုးပြုလုပ်ငန်းများ တာဝန်ခံဆောင်ရွက်မှု (Corporate Scocial Responsibility –CSR)အတွက် အသားတင်အမြတ်ငွေ၏ (၂%) အား အသုံးပြုခြင်းအပါအဝင် ကတိကဝတ်များအား လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန်၊ အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု မဖြစ်စေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (Initial Environmental Examination- IEE) ကို ဆောင်ရွက်ပြီး ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်များအတိုင်း

အစီရင်ခံစာ ရေးသားတင်ပြရန်နှင့် ဝန်ကြီးဌာနမှ လိုအပ်ပါက ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment-EIA) ကို ဆက်လက်ဆောင်ရွက်ရန်၊ အထက်ပါ လေ့လာဆန်းစစ်မှုရလဒ်များကို အခြေခံ၍ ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှု မဖြစ်ပေါ်စေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံး ဖြစ်စေသည့်လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ် စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေ ရေးဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေ စသည်တို့ပါဝင်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) ရေးဆွဲတင်ပြရန်နှင့် စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဒေသခံပြည်သူများ၏ ဆန္ဒနှင့်သဘောထားများ ရယူဆောင်ရွက်ရန်။ **(ကုမ္ပဏီမှ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့်အညီ IEE နှင့် EIA အစီရင်ခံစာတို့အား ရေးဆွဲတင်ပြမည်ဖြစ်ပြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြထားပါသည်။)**

၁၀။ ငွေကြေးအထောက်အထားများအဖြစ် AGD Bank (Sule) ဘဏ်ခွဲ၌ Aqua Pura Co., Ltd. အမည်ဖြင့် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ လ ၂၅ ရက်နေ့ ရက်စွဲဖြင့် ကျပ် ၁၅၀,၀၀၀,၀၀၀ ရှိကြောင်းနှင့် AGD Bank (Sule) ဘဏ်ခွဲ၌ ဦးရင်ထွေးအမည်ဖြင့် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ လ ၂၃ ရက်နေ့ ရက်စွဲဖြင့် ကျပ် ၃၀၅,၁၄၅,၀၆၅.၁၃ ရှိကြောင်း တင်ပြထားပါသည်။

၁၁။ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန၏ လမ်းညွှန်ချက်အတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း၊ အရေးကြီးသည့်နေရာများတွင် မီးသတ်ဆေးဘူးများ၊ အလိုအလျောက်မီးငြိမ်းစေမည့် Auto Fair Ball, Sprinkler Smoke Detector များတပ်ဆင်ခြင်းတို့နှင့် ဝန်ထမ်းများအား မီးသတ်သင်တန်းပေးခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၁၂။ တင်သွင်းမည့် စက်ပစ္စည်းများ၏ နမူနာပုံစံ၊ အလုပ်သမားသက်သာ ချောင်ချိရေးစီမံချက်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန် ဆောင်ရွက်မည့်အစီအစဉ်၊ စက်ရုံဝန်ထမ်းများအတွက် လစာဝင်ငွေခွန် ပေးဆောင်မည့် အစီအစဉ်၊ လျှပ်စစ်ဓါတ်အားသုံးစွဲမှု အစီအမံတို့ကို တင်ပြထားပြီး လူမှု

ဘဝသာယာဝပြောရေး (Corporate Social Responsibility -CSR)အတွက် နှစ်စဉ်အသားတင် အမြတ် ၏ ၂ % ထားရှိဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၁၃။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် တင်ပြထားပါသည်။

၁၄။ အဆိုပြုလုပ်ငန်းအား အဆိုပြုချက် စိစစ်ရေးအဖွဲ့၏ ၂၀၁၆ ခုနှစ် ဇွန် လ ၁၃ ရက်နေ့ တွင် ကျင်းပပြုလုပ်သော (၂၂/၂၀၁၆)အစည်းအဝေးသို့တင်ပြခဲ့ပါသည်။

စိစစ်တင်ပြချက်

၁၅။ အဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း စိစစ်တင်ပြအပ်ပါသည်-

(က) B.O.Tစနစ်ဖြင့် ချင်းတွင်းမြစ်ရေတင် ရေသန့်စက်ရုံတည်ဆောက်ပြီး မုံရွာမြို့သုံးရေ ဖြန့်ဖြူးခြင်းလုပ်ငန်း ဆောင်ရွက်ရန် Chin Crop (Myanmar) Co., Ltd. နှင့် မုံရွာမြို့ နယ်စည်ပင် သာယာရေးကော်မတီတို့ သဘောတူစာချုပ် ချုပ်ဆိုထားပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ Aqua Pura Co., Ltd. အမည်ဖြင့် စစ်ကိုင်းတိုင်းဒေသ ကြီးအစိုးရအဖွဲ့မှတစ်ဆင့် အဆိုပြုချက်တင်ပြထားပါသည်။

(ခ) Chin Crop (Myanmar) Co., Ltd. မှ ကုမ္ပဏီခွဲတစ်ခုဖြစ်သည့် Aqua Pura Co., Ltd. အမည်ဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ပြောင်းလဲအဆိုပြုတင်ပြခြင်းကို မုံရွာမြို့နယ်စည်ပင် သာယာရေးကော်မတီမှ သဘောတူလက်ခံပါကြောင်းနှင့် Chin Crop (Myanmar) Co., Ltd. (BOD အစည်းအဝေး) မှ သဘောတူဆုံးဖြတ်ထားကြောင်း တင်ပြထားပါသည်။

(ဂ) Aqua Pura Co., Ltd. သည် မုံရွာမြို့နယ်စည်ပင် သာယာရေးကော်မတီအား မြေငှားရမ်းခအဖြစ် တစ်နှစ်လျှင် ငွေကျပ် ၃,၆၀၀,၀၀၀ (ကျပ် သုံးဆယ့်ခြောက်သိန်းတိတိ) ကို ပေးသွင်းရမည် ဖြစ်ပါသည်။

(ဃ) Aqua Pura Co., Ltd. သည် ချင်းတွင်းမြစ်ရေတင် ရေသန့်စက်ရုံစီမံကိန်းမှ သန့်စင်၍ ထွက်ရှိလာသောရေအား စီးပွားဖြစ် ဖြန့်ဖြူးရောင်းချ၍ အခွန်ငွေအားလုံးပေးဆောင်ပြီးရရှိလာသော အသားတင်အကျိုးအမြတ်၏ ၂၀% အား မုံရွာမြို့နယ်စည်ပင် သာယာရေးကော်မတီအား ခွဲဝေပေးရမည်ဖြစ်ပါသည်။

(င) ပထမနှစ်တွင် ရေသန့်စင်စက်ရုံဖြန့်ဖြူးခြင်းပိုက်လိုင်းမှတစ်ဆင့် အိမ်ရှေ့ရေတိုင်အထိရေ (၁) ပေပါ ဂါလံ (၅၀) လျှင် ၁၆၀ ကျပ်နှုန်းနှင့်တူညီသော၊ ရေမီတာ တစ်ယူနစ် (၁) ကုဗမီတာ (၂၂၀) ဂါလံအား ၇၀၀ ကျပ်နှုန်းဖြင့် ပထမနှစ်အတွက် ကောက်ခံသွားမည်ဖြစ်ပါသည်။

(စ) အဆိုပြုလုပ်ငန်းဆောင်ရွက်မည့် မြေနေရာသည် မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီမှ အသုံးပြုလျက်ရှိသော မြေဖြစ်ကြောင်း စစ်ကိုင်းတိုင်း အေးချမ်းသာယာ

ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ခွင့်ပြုထားခဲ့ပြီး လယ်ယာမြေအသုံးပြုခွင့် (လယ-၃၀) လျှောက်ထားဆဲဖြစ်ကြောင်း မြေရာဇဝင်ကို စိစစ်တွေ့ရှိရပါသည်။

(ဆ) ပြည်ပမှ အောက်ဖော်ပြပါ ယာဉ်ယန္တရားများ အပါအဝင် အမေရိကန်ဒေါ်လာ ၅.၀၈ သန်း တန်ဖိုးရှိ လုပ်ငန်းသုံးပစ္စည်းများ တင်သွင်းဆောင်ရွက်မည်ဖြစ်ပြီး လူစီးမော်တော်ယာဉ်များအား အခွန်ပေးဆောင် တင်သွင်းရမည်ဖြစ်ပါသည်-

အမျိုးအစား	အရေအတွက်(စီးရေ)	ဈေးနှုန်း(US$)	စုစုပေါင်းတန်ဖိုး
Toyota Vigo 3.0 (2014)	၂	၂၅,၀၀၀	၅၀,၀၀၀

(ဇ) အဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဖြင့် အောက်ပါရေပေးဝေရေးလုပ်ငန်းအား ခွင့်ပြုမိန့်ထုတ်ပေးခဲ့ပြီးဖြစ်ပါ သည်-

ကုမ္ပဏီအမည်	ခွင့်ပြုမိန့် အမှတ်/ ရက်စွဲ	လုပ်ငန်းအမျိုးအစား	တည်နေရာ	ရင်းနှီးမြှုပ်နှံမှုပုံစံ
Tarchileik (Eastern Shan State) Water Supply Co., Ltd. (တာချီလိတ် (ရှမ်းအရှေ့) ရေပေးဝေရေးကုမ္ပဏီလီမိတက်)	မနသ- ၁၂၀၈/ ၂၀၁၆ (၁၆-၉-၂၀၁၆)	B.O.T စနစ်ဖြင့် တာချီလိတ်မြို့တွင်း သုံးရေပေးဝေဖြန့်ဖြူးခြင်းလုပ်ငန်း	ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်၊တာချီလိတ်မြို့နယ်၊ လွယ်တော်ခမ်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၈၅)၊ ဦးပိုင် အမှတ် (၁၈) ရှိ မြေဧရိယာ(၅.၂၂ ဧက) နှင့် ကွင်းအမှတ် (၁၈၅-အားဟီ)၊ ဦးပိုင်အမှတ် (၇၄) ရှိ မြေဧရိယာ (၃.၉၂ ဧက)	မြန်မာနိုင်ငံသား

ဆုံးဖြတ်ရန်အချက်

၁၆။ သို့ဖြစ်ပါ၍ မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် Aqua Pura Co., Ltd. တို့မှ B.O.T စနစ်ဖြင့် ချင်းတွင်းမြစ်ရေတင် ရေသန့်စက်ရုံတည်ဆောက်၍ မုံရွာမြို့သုံးရေဖြန့်ဖြူးခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက်တင်ပြလာခြင်းကိစ္စအပေါ် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ထုတ်ပေးရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ (ကိုယ်စား)
(အောင်နိုင်ဦး၊ အတွင်းရေးမှူး)

မိတ္တူကို
ရုံးလက်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့

နောက်ဆက်တွဲ-က

စာအမှတ်၊၄/၇-၅(၃)/(၆၉၁)စည်ပင်(ရေ)
ရက် စွဲ ၊ ၂၀၁၆ ခု နှစ် ၊အောက်တိုဘာလ ၂၆ ရက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပေးပို့ခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂၅. ၈. ၂၀၁၆)ရက်စွဲပါစာအမှတ်၊ မရက-၅(အ)/မ-၀၂၀/၂၀၁၆(၄၂၇)

၁။ မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် Aqua Pura Co.Ltd တို့မှ မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီ၏ အမှတ်(၆၆)၊ ကွင်းအမှတ်(၆၇၉)၊ ဦးပိုင်အမှတ်(၆၅/၆၆/၇၄)၊ လှေကူး ကွေ့ကြီးကွင်း၊ ကမ်းနားလမ်း၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့ချင်းတွင်းမြစ်ရေတင် စက်ရုံမြေနေရာ၏(၁. ၄၈) ဧကတွင် BOT စနစ်ဖြင့် ရေယူအဆောက်အဦ၊ ဆက်စပ်အဆောက်အအုံများ တည်ဆောက်ခြင်းနှင့် ရေသန့်စက်တပ်ဆင် တည်ဆောက်ခြင်းများ ဆောင်ရွက်ပြီး မုံရွာမြို့တွင်းသို့ ရေပေးဝေဖြန့်ဖြူးခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောထားမှတ်ချက်အား ရည်ညွှန်းပါစာဖြင့် တောင်းခံလာပါသည်။

၂။ အဆိုပါကိစ္စပါကိစ္စနှင့်စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေးချက်များအရ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်နေရာသည် နောင်ပြုလုပ်မည့်(သို့မဟုတ်)လက်ရှိမြို့ပြ စီမံကိန်းကို ထိခိုက်ခြင်း မရှိပါ၊

(ခ) မုံရွာမြို့နေ ပြည်သူလူထုထံသို့ ရေကောင်းရေသန့်များကို ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဝေပေးနိုင်မည်ဖြစ်သဖြင့် ပြည်သူတို့၏ လူမှုစီးပွားကိုထိခိုက်နိုင်ခြင်း မရှိပါ၊

(ဂ) စီမံကိန်းလုပ်ငန်းတွင် ဒေသခံလုပ်သား(၂၀)ဦး ခန့်ထားမည်ဖြစ်သည့်အပြင် အိမ်တိုင်ရာရောက် ရေဖြန့်ဝေပေးနိုင်မည်ဖြစ်သဖြင့် မြို့နယ်ဒေသအလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေပါသည်၊

(ဃ) ရေဖြန့်ဖြူးခြင်းလုပ်ငန်းဆောင်ရွက်မည့်နေရာသည် မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီပိုင် မြစ်ရေတင်ရေပေးဝေရေး စက်ရုံဖြစ်နေသဖြင့် စက်ရုံမြေ နေရာ ဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်း ရှိပါသည်၊

(င) လုပ်ငန်းဆောင်ရွက်မည့် မုံရွာမြို့ရုံးကြီးရပ်ကွက်၊ ကမ်းနားလမ်းကွင်းအမှတ်(၆၇၉)၊ ဦးပိုင်အမှတ်(၆၅၊ ၆၆၊ ၇၄)လှေကူးကွေ့ကြီးကွင်း၊ ဧရိယာ(၁. ၄၈)ဧကသည် အစိုးရမြေဖြစ်ပြီး

မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် Aqua Pura Co.Ltd တို့ BOT စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ရန် သဘောတူညီမှုရှိသည့် မြေနေရာဖြစ်ပါသည်။

(စ) မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် Aqua Pura Co.Ltd တို့ BOT စနစ်ဖြင့် ဆောင်ရွက်ခြင်းကြောင့် မုံရွာမြို့တွင်းရှိ ရပ်ကွက်များတွင် သန့်ရှင်းသော သောက်သုံးရေ ရရှိစေခြင်း၊ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေခြင်း၊ မုံရွာမြို့နယ်စည်ပင် သာယာရေးကော်မတီအနေဖြင့် ယင်းလုပ်ငန်းအား ဆောင်ရွက်ရန်အတွက် ရန်ပုံငွေ လုံလောက်မှုမရှိဘဲ ကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ် သောကြောင့် မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် Aqua Pura Co.Ltd တို့ BOT စနစ်ဖြင့် စာချုပ်ချုပ်ဆို ဆောင်ရွက်စေသင့်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ (၂၉. ၉. ၂၀၁၆)ရက်နေ့တွင် ကျင်းပပြုလုပ်သော Cabinet အစည်းအဝေး အမှတ်စဉ်(၁၄/၂၀၁၆) ဆုံးဖြတ်ချက်(၃၅)အရ ကန့်ကွက်ရန်မရှိ(မရှိ)ကြောင်း သဘောထား ပြန်ကြားအပ်ပါသည်။

(ဒေါက်တာမြင့်နိုင်)
ဝန်ကြီးချုပ်

မိတ္တူကို-

တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ မုံရွာမြို့
မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မုံရွာမြို့
Aqua Pura Co.Ltd
လက်ခံစာတွဲ
မျှော့စာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

နောက်ဆက်တွဲ-ခ

M4-690
20.6.16

ဝန်ကြီးရုံး

စာအမှတ်၊ ပဆ-(၃)/(သဘောထား-DWIR)/၂၀၁၆(၈၆)

ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **သဘောထားမှတ်ချက် ပြန်ကြားခြင်း**

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၇-၆-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ မရက-၅(အ)/မ-၀၂၀/၂၀၁၆(၃၃၄)

P-720
20.6.16

၁။ မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် Aqua Pura Co.,Ltd. တို့မှ မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီ၏ အမှတ်(၆၆)၊ လှေကူးကွေ့ကြီးကွင်း၊ ကမ်းနားလမ်း၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့ ချင်းတွင်းမြစ်ရေတင် စက်ရုံမြေနေရာ၏ (၁.၄၈) ဧကတွင် B.O.T စနစ်ဖြင့် ရေယူအဆောက်အအုံနှင့် ဆက်စပ်အဆောက်အအုံများ တည်ဆောက်ခြင်းနှင့် ရေသန့်စက် တပ်ဆင်တည်ဆောက်ခြင်းများ ဆောင်ရွက်ပြီး မုံရွာမြို့တွင်းသို့ ရေပေးဝေဖြန့်ဖြူးခြင်း လုပ်ငန်းနှင့် စပ်လျဉ်း၍ သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းလာခြင်းဖြစ်ပါသည်။

၂။ အဆိုပါ မုံရွာမြို့တွင်း ရေပေးဝေဖြန့်ဖြူးခြင်း လုပ်ငန်းမှ ရေရယူသုံးစွဲမည့် မုံရွာမြို့ စည်ပင်ရေတင်စက်အနီး ရေလမ်းမှာ နှစ်စဉ် ရေလမ်းကြောင်းကပ်လျက် စီးဆင်းနေ၍ တည်ငြိမ်သော ရေလမ်းကြောင်းဖြစ်ပြီး ကမ်းပါးတည်ငြိမ်မှု ရှိပါသည်။ စည်ပင်ရေတင်စက် အသုံးပြုနေသည်မှာလည်း (၇)နှစ်ခန့် ကြာမြင့်ခဲ့ပြီး အခက်အခဲမရှိ ရေပေးဝေနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၃။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ၂၀၁၄ ခုနှစ်အတွင်း ရေထုထည် စီးဆင်းမှုပမာဏ တိုင်းတာချက်များအရ ရေများချိန်ကာလ (မုံရွာရေမှတ် ၉၉၂ cm)တွင် ချင်းတွင်း မြစ်၏ ရေထုထည် စီးဆင်းနှုန်းမှာ (၁၇၆၃၈ m^3/Sec)နှင့် ရေနည်းချိန်ကာလ (မုံရွာရေမှတ် ၂၅၀ cm)တွင် (၁၄၇၇ m^3/Sec) ဖြစ်ပါသည်။ သို့ပါ၍ ရေများချိန်ကာလတွင် (၁၅၂၄ million m^3/day) နှင့် ရေနည်းချိန်ကာလတွင် (၁၂၇.၆ million m^3/day)ဖြစ်ပါသည်။ အဆိုပါ ရေပေးဝေဖြန့်ဖြူးခြင်းလုပ်ငန်း အနေဖြင့် ရေစုပ်တင်ပြီး သုံးစွဲမည့်ပမာဏမှာ အများဆုံး အနေဖြင့် (၁.၈၂၅ million m^3/day) ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် Aqua Pura Co.,Ltd. တို့ B.O.T စနစ်ဖြင့် ဆောင်ရွက်မည့် မုံရွာမြို့တွင်း ရေပေးဝေဖြန့်ဖြူးခြင်းလုပ်ငန်းမှ ထုတ်ယူသုံးစွဲမည့် ရေပမာဏသည် စီးဆင်းနေသော ရေထုထည်ထက် များစွာ လျော့နည်းသည့်အတွက် နေ့စဉ် ထုတ်ယူသုံးစွဲခြင်းဖြင့်

ချင်းတွင်းမြစ် ရေစီးရေလာနှင့် မြစ်ကြောင်းစီးဆင်းမှု အနေအထားတို့အား ထိခိုက်နိုင်ဖွယ် မရှိပါကြောင်းနှင့် ရေအသုံးပြုသူက ပေးဆောင်ရမည့် ရေအသုံးပြုခနှင့် ပတ်သက်၍ နောင်ဖြစ်ပေါ်လာမည့် ရေဥပဒေအား လိုက်နာဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြန်ကြားအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
ဝင်းခန့် - အမြဲတမ်းအတွင်းဝန်

မိတ္တူကို -

- ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
- မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီ
- Aqua Pura Co.,Ltd.

နောက်ဆက်တွဲ-ဂ

M4-686
17.6.16

ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့
ရန်ကုန်မြို့
စာအမှတ်၊ဝဝ၁/ MIC(OSS) /ဝ၁(၁၈၁/၁၆)
ရက် စွဲ ၊၂၀၁၆ခုနှစ် ဇွန် လ ၁၄ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **Aqua Pura Co.,Ltd မှ BOTစနစ်ဖြင့် မုံရွာမြို့တွင်းသို့ ရေပေးဝေဖြန့်ဖြူးခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့် ပတ်သက်၍ သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၆-၆-၂၀၁၆ ရက်စွဲပါစာအမှတ်၊ မရက-၅(အ)/ မ-၀၂၀/ ၂၀၁၆(၃၃၂)

၁။ မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် Aqua Pura Co.,Ltd မှ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီ၏အမှတ်(၆၆)၊ကွင်းအမှတ်(၆၇၉)၊ ဦးပိုင်အမှတ် (၆၅/၆၆/၇၄) လှေကူးကွေ့ကြီးကွင်း၊ ကမ်းနားလမ်း၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့ချင်းတွင်းမြစ်ရေတင်စက်ရုံမြေနေရာ၏ (၁.၄၈)ဧကတွင်BOTစနစ်ဖြင့်ရေယူအဆောက်အအုံများတည်ဆောက်ခြင်းနှင့်ရေသန့်စက်တပ်ဆင်တည်ဆောက်ခြင်းများဆောင်ရွက်ပြီး မုံရွာမြို့တွင်းသို့ ရေပေးဝေဖြန့်ဖြူးခြင်းလုပ်ငန်းကိုဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့် ပတ်သက်၍ စီစစ်ပြီးသဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့်အကြောင်းကြားလာပါသည်။

၂။ ပူးတွဲပေးပို့လာသောအဆိုပြုလွှာတွင် ရင်းနှီးမြှုပ်နှံမှုကာလမှာ ကနဦးနှစ်(၅၀)နှင့်သက်တမ်းတိုး (၁၀)နှစ်(၂) ကြိမ်ဖြစ်ကြောင်း၊ တည်ဆောက်ရေးကာလမှာ(၁၈)လဖြစ်ကြောင်း၊ ဝန်ထမ်းများသက်သာချောင်ချိရေးနှင့်သာယာပျော်ရွှင်ရေးအစီအမံများ၊ မီးဘေးကြိုတင်ကာကွယ်မှုအစီအစဉ်များကိုထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းမှရရှိလာမည့်အသားတင်အမြတ်ငွေ၏(၂%)ကို လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility CSR) လုပ်ငန်းများတွင် ထည့်ဝင်အသုံးပြုသွားမည်ဖြစ်ကြောင်းဖော်ပြပါရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ဝန်ထမ်းများအတွက်သန့်စင်ခန်းများအား

အလုံအလောက်ထားရှိခြင်း၊ အမှိုက်ပုံးများထားရှိခြင်း၊ ရေနုတ်မြောင်းများမှအနံ့များမရှိအောင် ရေနုတ်မြောင်းများကို ရေစီးရေလာကောင်းမွန်အောင် ပြုပြင်ခြင်းစသည့်တို့ကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖော်ပြပါရှိပါသည်။

၃။ Aqua Pura Co.,Ltd မှ မြို့တွင်းရေးပေးဝေဖြန့်ဖြူးခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ရေပိုက်များသွယ်တန်းရန်အတွက် မြေသားတူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ကားလမ်း၊ မီးရထားလမ်း၊ ဘုရားပုထိုးစေတီ၊ သာသနိကအဆောက်အအုံများ၊ လူနေရပ်ကွက်များကို ဖြတ်သန်းဆောင်ရွက်ရမည်ဖြစ်သဖြင့် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုသာမက လူမှုရေးဆိုင်ရာထိခိုက်မှုပြဿနာများဖြစ်ပေါ်စေနိုင်ခြင်း၊ ရေယူအဆောက်အအုံနှင့်ဆက်စပ်အဆောက်အအုံများ၊ ရေသန့်စင်စက်ရုံများတည်ဆောက်ရာတွင် စက်ယန္တရားကြီးများအသုံးပြု၍ဆောင်ရွက်ပါက ထွက်ရှိလာမည့်အမဲဆီ၊ အင်ဂျင်ဝိုင်၊ စက်မောင်းဆီများကြောင့် ပတ်ဝန်းကျင်လေထု၊ ရေထု၊ မြေထုညစ်ညမ်းခြင်း၊ ရေအရင်းအမြစ်ရယူမည့် ချင်းတွင်းမြစ်ရေ၏ အရည်အသွေးအား အပတ်စဉ်၊ လစဉ်စစ်ဆေးခြင်းမရှိခြင်းနှင့် မြစ်ရေတင်ရေသန့်စက်ရုံများတွင် စံချိန်စံညွှန်းပြည့်မီအောင် စနစ်တကျသန့်စင်ခြင်းများဆောင်ရွက်ခြင်းမရှိပါက ပြည်သူလူထု၏ကျန်းမာရေးကို ထိခိုက်စေနိုင်ခြင်း စသည့်ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုပြဿနာများဖြစ်ပေါ်စေနိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ Aqua Pura Co.,Ltd မှ BOT စနစ်ဖြင့် မုံရွာမြို့တွင်းသို့ ရေပေးဝေဖြန့်ဖြူးခြင်းလုပ်ငန်းကိုဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်း သဘောထားမှတ်ချက်ပြန်ကြားအပ်ပါသည်-

(က) အဆိုပြုလုပ်ငန်းများကြောင့်ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေးထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့်နည်းစနစ်များအား အသုံးပြုရန်နှင့်အဆိုပြုလွှာတွင်ဖော်ပြထားသည့် လူမှုရေးဆိုင်ရာအကျိုးပြုလုပ်ငန်းများတာဝန်ခံဆောင်ရွက်မှု(Corporate Social Responsibility–CSR)အတွက် အသားတင်အမြတ်ငွေ၏(၂%)အား အသုံးပြုခြင်းအပါအဝင် ကတိကဝတ်များအားလိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ခ) အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုမရှိစေရေး(သို့မ

ဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် **ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း** (Initial Environmental Examination - IEE) ကိုဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါအချက်အလက်များအတိုင်းအစီရင်ခံစာရေးသားတင်ပြရန်နှင့်ဝန်ကြီးဌာနမှလိုအပ်ပါက **ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း**(Environmental Impact Assessment-EIA)ကို ဆက်လက်ဆောင်ရွက်ရန်။

(ဂ) အထက်ပါလေ့လာဆန်းစစ်မှုရလဒ်များကို အခြေခံ၍ ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုမဖြစ်ပေါ်စေရေး(သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ် စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည်စီမံခန့်ခွဲမှု အစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေးဆောင်ရွက်မည့်လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေစသည်တို့ ပါဝင်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP)ရေးဆွဲတင်ပြရန်နှင့် စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဃ) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီလိုက်နာဆောင်ရွက်ရန်။

(င) သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်ကွပ်ကဲမှုဖြင့် ဒေသခံပြည်သူများ၏ဆန္ဒနှင့်သဘောထားများရယူဆောင်ရွက်ရန်။

(ဇော်မိုး)
ဒုတိယညွှန်ကြားရေးမှူး
အဖွဲ့ခေါင်းဆောင်
ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး
ရုံးလက်ခံ

ကုမ္ပဏီဒါရိုက်တာနှင့်အစုရှင်များ၏နေရပ်လိပ်စာစာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/အစုရှင်များ၏အမည်	ဒါရိုက်တာ/အစုရှင်များ၏ ဆက်သွယ်ရန်လိပ်စာ
၁	Aqua Pura Co., Ltd.	(၁) ဦးအေးထွန်းအောင် မန်နေဂျင်းဒါရိုက်တာ ၉/ကဆန (ဧည့်) ၀၀၀၀၇၂	အမှတ် (ပ)၊ ဗဘာ၁၀၀တီရပ်ကွက်၊ ပေါက်တောလမ်း၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
		(၂) ဒေါ်လဲ့လဲ့ဝင်း ဒါရိုက်တာ ၉/မတရ (နိုင်) ၁၄၀၃၄၄	အမှတ် (ပ)၊ ဗဘာ၁၀၀တီရပ်ကွက်၊ ပေါက်တောလမ်း၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
		(၃) Chin Crop (Myanmar) Co.,Ltd. Represented by	
		(၁) ဦးရင်ထွေး ဒါရိုက်တာ ၁၂/တခလ (နိုင်) ၀၃၈၃၁၆	အမှတ် (၂၁၆/၂၂၂)၊ (စီ-၇)၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
		(၂) ဦးရင်လေး ဒါရိုက်တာ ၉/မရတ (နိုင်) ၁၀၅၅၄၁	အမှတ် (၃-ဂျီ)၊ မိုးကောင်းလမ်း၊ (၁၄) ရပ်ကွက်၊ မြကန်သာအိမ်ယာ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁။ ဆက်သွယ်ရမည့်တယ်လီဖုန်းနံပါတ်	-	၀၉-၇၉၈၇၀၅၃၈၅
၂။ဆက်သွယ်ရမည့်လိပ်စာအပြည့်အစုံ	-	အမှတ်(ပ)၊ဗဘာ၁၀၀တီရပ်ကွက်၊ပေါက်တောလမ်း၊ကျောက်ဆည်မြို့နယ်၊မန္တလေးတိုင်းဒေသကြီး။
၃။ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည်၊ ရာထူး	-	ဦးအေးထွန်းအောင်(မန်းနေဂျင်းဒါရိုက်တာ)
၄။ ကုမ္ပဏီအနေဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ	-	ချင်းတွင်းမြစ်ရေတင် ရေသန့်စင်စက်ရုံ တည်ထောင်၍ မုံရွာမြို့သုံးရေ ဖြန့်ဖြူးခြင်းလုပ်ငန်း
၅။ ကုမ္ပဏီမှတ်ပုံတင်အမှတ်/နေ့စွဲ	-	၂၂၃၀/ ၂၀၁၅-၂၀၁၆ (ရက)
၆။ ကုမ္ပဏီမှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်နေ့စွဲ	-	၂၀-၁၀-၂၀၂၀
၇။ ဘဏ်အမည်နှင့်ဘဏ်စာရင်းအမှတ်	-	-

လျှို့ဝှက်

နောက်ဆက်တွဲ (၄)

Aqua Pura Co., Ltd.

Machinery List

to be imported

Sr. No.	Particulars	A/U	Qty.	Price (US$)	Value (US$)
I	Imported				
1	Actiflo Technology WTP 6000 m3 /day	set	2	800,000	1,600,000
2	Pump 30 Hp, 380V, 50 Hz	set	4	6,500	26,000
3	Control Panel and Accessories Plant	set	1	40,000	40,000
4	Overhead Tank 30000 Gls with iron structure(GRP Tank) China	set	4	40,000	160,000
5	Water Meter	unit	13000	35	455,000
6	HDPE Pipe Joint Machine	set	2	6,000	12,000
7	Diesel Gererator 500 KVA (Stand By)	unit	2	30,000	60,000
	Total				**2,353,000**

Local Purchase

Sr. No.	Particulars	A/U	Qty.	Price (Kyat)	Value (Kyat)
II	**Local Purchase**				
1	Transformer 315 KVA (11/0.4 KV)	1	1	24402100	24,402,100
	Total				**24,402,100**

လျှို့ဝှက်

လျှို့ဝှက်

နောက်ဆက်တွဲ (၄-၁)

Aqua Pura Co., Ltd.

Vehicle List

to be imported

Sr. No.	Particulars	A/U	Qty.	Price (US$)	Value (US$)
1	Excavator 8 ton (Doosan Korea)	set	2	70,000	140,000
2	Hydraulic Hammer	set	2	8,000	16,000
3	Toyota Vigo 3.0 (2014)	unit	2	25,000	50,000
	Total				**206,000**

မှတ်ချက်။ အမှတ်စဉ် ၃ အားကျသင့်သောအခွန်များပေးဆောင်ပြီးတင်သွင်းမည်ဖြစ်ကြောင်းကတိပြုပါသည်

လျှို့ဝှက်